# ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကိုပြင်သည့် ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကိုဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၄ ခုနှစ်၊ ဆိုရှယ်လစ် စီးပွါးရေးစံနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ ပုဒ်မ ၄ တွင်—

(က) ပုဒ်မခွဲ (၃) အစား၊ အောက်ပါကို ပုဒ်မခွဲ (၃) အဖြစ် ထည့်သွင်းရမည်။

"(၃) ပုဒ်မခွဲ (၂) အရ၊ ဖွဲ့စည်းသော အထူးခုံရုံး၏ အပြီးအပိုင် ဆုံးဖြတ်ချက်တရပ်သည် အစိုးရက ဤကိစ္စအလို့ငှါ ဖွဲ့စည်းပေးသည့် အတည်ပြုအဖွဲ့က အတည်ပြုမှသာ အတည်ဖြစ်စေရမည်။"

(ခ) ပုဒ်မခွဲ (၄) အစား၊ အောက်ပါကိုပု ဒ်မခွဲ (၄) အဖြစ် ထည့်သွင်းရမည်။

"(၄) ပုဒ်မခွဲ (၃) အရဖွဲ့စည်းသော အတည်ပြုအဖွဲ့၏ အပြီးအပိုင် ဆုံးဖြတ်ချက်ကို တော်လှန်ရေးကောင်စီက ဖွဲ့စည်းသော အယူခံအဖွဲ့ထံသို့သာ အယူခံနိုင်သည်။"။